# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ အစီအစဉ်
# [ ၁၁ – ၃ – ၂၀၁၁ ]
# (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) စိုင်းဘိုးအောင်၊ မူဆယ် မဲဆန္ဒနယ် ၏ ရှမ်းပြည်နယ်မှ ဆေးကျောင်းသားများသည် နီးစပ်ရာ မန္တလေးဆေးတက္ကသိုလ်၌မတက်ရဘဲ ပိုမိုဝေးကွာသော မကွေးဆေးတက္ကသိုလ်သို့ သွားရောက်သင်ကြားရခြင်းကဲ့သို့ ဇုန်အလိုက်သတ်မှတ်ထားသည့် တက္ကသိုလ်ကောလိပ်များတွင် ပညာသင်ကြားရသည့် ကန့်သတ်ချက် နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) စိုင်းဘိုးအောင်၊ မူဆယ် မဲဆန္ဒနယ်၏ လက်ကိုင်ဖုန်း နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးနယ်လ်ဆင် (ခ)စိုင်းဆောင်ဆီ၊ ကျောက်မဲ မဲဆန္ဒနယ်၏ တည်ဆဲဥပဒေ ၊ နည်းဥပဒေ နှင့် ဥပဒေ ကဲ့သို့ အာဏာတည်သော အမိန့်များကို ပြည့်စုံစွာစုစည်း၍ စာအုပ်စာတမ်းများအဖြစ် ထုတ်ဝေရောင်းချပေးရန် ရှိ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်၏ ပြည်သူ့စစ်မှုထမ်းဥပဒေ နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်၏ မြန်မာ့စက်မှုဖွံ့ဖြိုးရေးအက်ဥပဒေ ပြုစုပြဋ္ဌာန်းရန် အစီအစဉ်ရှိ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ သီပေါမဲဆန္ဒနယ် ၏ ပိတ်ဆို့တားဆီးမှုများ အပေါ်မည်သို့ သဘောထားရှိသည်ကို သိရှိလိုကြောင်း နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း၊ တန့်ယန်း မဲဆန္ဒနယ်၏ "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေ ပေါ်ပေါက်လာရန် လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာအသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန်" အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း–

– ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ သီပေါ မဲဆန္ဒနယ်။

၇။ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း၊ တန့်ယန်း မဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဦးငွန်မောင်း၊ ဟားခါး မဲဆန္ဒနယ် ၏ " အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေး" အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ သီပေါ မဲဆန္ဒနယ်။

( ခ ) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်။

( ဂ ) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်။

၉။ ဦးငွန်မောင်း၊ ဟားခါး မဲဆန္ဒနယ် ၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော် ၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ဦးငွန်မောင်း၊ ဟားခါး မဲဆန္ဒနယ် ၏ " ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေး" အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်။

( ခ ) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်။

၁၁။ ဦးငွန်မောင်း၊ ဟားခါး မဲဆန္ဒနယ် ၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော် ၏ အဆုံးအဖြတ်ရယူခြင်း။

၁၂။ ဦးငွန်မောင်း၊ ဟားခါး မဲဆန္ဒနယ် ၏ "ချင်းပြည်နယ်အတွင်း နိုင်ငံခြားသား ဧည့်သည်နှင့်ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၃။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၄။ ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ "စီးပွားရေး အခွင့်အလမ်းနည်းပါးလှသော ချင်းပြည်နယ်ရှိ ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းအလို့ငှာ ချင်းပြည်နယ် အတွင်းသို့ ကမ္ဘာလှည့် ခရီးသည်များဝင်ရောက်ခွင့်ကို ဖွင့်လှစ်ပေးပါရန်" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၅။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၆။ ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ "ချင်းပြည်နယ်၏ မြို့တော်ဟားခါးကို အခြားပြည်နယ် မြို့တော်များကဲ့သို့ အဆင့်မီတည်ဆောက်ပေးရေး" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။